# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၇၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်

## (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၈ ဦးရှိတဲ့အနက် ၃၄၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၂၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၂) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၃) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၄ ရက်၊

(၅) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၆) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၂ ရက်၊

(၇) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၄ ရက်၊

(၈) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၄ ရက်၊

(၉) ရသေ့တောင်မဲဆန္ဒနယ်မှာ ဒေါ်ခင်စောဝေ ခွင့် ၄ ရက်၊

(၁၀) န္တားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၁၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၁၂) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၁၃) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၄ ရက်၊

(၁၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၄ ရက်၊

(၁၅) စဥ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး ခွင့် ၁ ရက်နှင့်

(၁၆) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၄ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပင်လယ်ဒီရေအတက်အကျနှင့် ပင်လယ်လှိုင်းစွမ်းအင်ကို အသုံးပြု၍ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် သင့်တော်သည့် နေရာ၊ ဒေသရှိပါသလား၊ ရှိပါက မည်သည့်ကာလတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နှစ်စဉ်တိုးတက်လိုအပ်လာတဲ့ လျှပ်စစ်ဓာတ်အားကို ပြည့်မီအောင်ဖြည့်ဆည်းပေးဖို့အတွက် နိုင်ငံတော်က လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့နည်းလမ်းများနဲ့ ထုတ်လုပ်ပြီးဖြည့်ဆည်းပေးနေတာကို တွေ့ရပါတယ်။ ရေအားဖြင့် ဆည်ကြီးတွေ တည်ဆောက်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ၊ သဘာဝသယံဇာတစွမ်းအင်အသုံးပြုသည့် လျှပ်စစ်ထုတ်လုပ်မှုများ၊ ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို တွေ့ရှိနေရပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့နည်းလမ်းများမှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့နည်းလမ်းများလည်း ပါဝင်နေပါတယ်။ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ခုဖြစ်တဲ့ သဘာဝရဲ့ ပင်လယ်ဒီရေအတက်အကျနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပင်လယ်လှိုင်းရဲ့စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများဖြင့်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ရတယ်လို့ သိရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းအရှည်ဟာ မိုင်ပေါင်း ၁၅၀၀ ကျော်ရှိတဲ့အပြင် သဘာဝပင်လယ်ဒီရေအတက်အကျကလည်းတစ်နေ့မှာ နှစ်ကြိမ်ရှိတဲ့အပြင် နေ့စဉ် ၂၄ နာရီနဲ့ တစ်နှစ်ပတ်လုံး

ရေလိုင်းများလည်း ရိုက်ခတ်လျက်ရှိပါတယ်။ အဲဒီလို သဘာဝပတ်ဝန်းကျင်ကိုလည်းထိခိုက်မှု သက်သာတဲ့အပြင် ပြန်လည်ပြည့်ဖြိုးမယ့်စွမ်းအင်များဖြစ်ပြီးတော့ ပင်လယ်ဒီရေအတက်အကျကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနဲ့ ပင်လယ်လှိုင်းစွမ်းအင်ကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း နည်းစနစ်များကို အများပြည်သူသိရှိနားလည်စေရန် ရှင်းလင်းတင်ပြပေးနိုင်ပါမည်လားနှင့် အဆိုပါ စွမ်းအင်များကိုအသုံးပြုပြီးတော့ ကျွန်တော်တို့ မြန်မာကမ်းရိုးတန်းတစ်လျှောက်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် သင့်လျော်တဲ့နေရာ ဒေသများရှိပါသလား။ ရှိရင်မည်သည့်ကာလမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည်ကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၏ မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပင်လယ်ရေကနေ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့် နည်းစနစ်နှစ်ခုရှိပါတယ်။ ပထမနည်းစနစ်ကတော့ ပင်လယ်ဒီရေ အတက်အကျကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်ယူနေတဲ့ နည်းစနစ်ဟာ ပင်လယ်ဒီရေမြင့်တက်လာချိန်မှာ မြင့်တက်လာတဲ့ ပင်လယ်ရေတွေကို သိုလှောင်ထိန်းသိမ်းထားတဲ့ နည်းစနစ်တစ်ခုဖြစ်ပြီးတော့ ပင်လယ်ဒီရေကျဆင်းသွားချိန်မှာတော့ အမြင့်မှာထိန်းထားတဲ့ ပင်လယ်ရေတွေကို အနိမ့် ဘက်သို့ ပြန်လည်စီးဆင်းထုတ်ယူတဲ့ ဓာတ်အားထုတ်ယူတဲ့ နည်းစနစ်ဖြစ်ပါတယ်။ သမားရိုးကျရေအား လျှပ်စစ်ထုတ်ယူတဲ့ နည်းစနစ်အတိုင်း အမြင့်မှရေကို အနိမ့်ဘက်သို့စီးဆင်းစေပြီး ဓာတ်အားထုတ်လုပ်ပေးတဲ့ တာဘိုင်စက်များကို လည်ပတ်စေ၍ ဓာတ်အားထုတ်လုပ်တဲ့နည်းစနစ်ဖြစ်ပါတယ်။ ပင်လယ်ဒီရေ တက်ချိန်/ကျချိန်များမှာ အချိန်ပိုင်းအတွင်း ဓာတ်အားထုတ်ယူနိုင်တဲ့ နည်းစနစ်ဖြစ်ပါတယ်။ ပင်လယ်မှလျှပ်စစ်ဓာတ်အားထုတ်ယူနိုင်တဲ့ ဒုတိယနည်းစနစ်ကတော့ ပင်လယ်ဒီရေလှိုင်းများကြောင့် ဖြစ်ပေါ်

လာတဲ့ လှိုင်းအနိမ့်အမြင့် လှုပ်ရှားမှုကရရှိတဲ့ လျှပ်စစ်အရွေ့စွမ်းအင် (Kinetic Energy)ကို အသုံးပြုပြီး လည်ပတ်မှုစွမ်းအင်(Rotational Energy) အဖြစ် ပြောင်းလဲစေပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်တဲ့ Generator များကို လည်ပတ်စေပြီး ဓာတ်အားထုတ်လုပ်ခြင်း ဖြစ်ပါတယ်။ ပင်လယ်က လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်တဲ့ အထက်ပါနည်းစနစ်များဟာ အခြားနည်းဖြင့် ဓာတ်အားရရှိရန် အလွန်အခက်အခဲတဲ့ ဒေသများ သို့မဟုတ် ဓာတ်အားလိုင်းသွယ်တန်းမှုပြုလုပ်ရန် အလွန်ခက်ခဲတဲ့ ပင်လယ်ဒေသများမှာ အသုံးဝင်တဲ့ စနစ်များဖြစ်ကြပါတယ်။ ဒီစနစ်ဟာ ရင်းနှီးမြှုပ်နှံမှု အရင်းပမာဏကြီးမားပြီး ထွက်ရှိလာတဲ့ ဓာတ်အားပမာဏနှင့် တွက်ခြေကိုက်မှုမရှိတဲ့အတွက် အထက်မှာ ဖော်ပြခဲ့တဲ့ ထူးခြားတဲ့ အခြေအနေရှိတဲ့ ဒေသတွေအတွက်သာ ဆောင်ရွက်လေ့ရှိကြပါတယ်။

ရှာဖွေလေ့လာလို့ရရှိတဲ့ သတင်းအချက်အလက်များအရ လက်ရှိပင်လယ်ဒီလှိုင်း အတက်အကျက လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ စက်အားပေးစက်ရုံအချို့အနက်မှ ကိုးရီးယားနိုင်ငံ Sihwa Lake Tidal Power Station ဟာ ၂၅၄ မဂ္ဂါဝပ်ရှိကြောင်း သိရှိရပါတယ်။ ပင်လယ်ဒီလှိုင်း အတက်အကျကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ စက်ရုံများဟာ မောင်းနှင်ဓာတ်အား ထုတ်လုပ်မှု စရိတ်သက်သာသော်လည်းပဲ ကနဦးမတည်ရင်းနှီးငွေ အလွန်များပြားကြောင်း သိရှိရပါတယ်။ ၎င်းနိုင်ငံမှာပဲ တည်ဆောက်လျက်ရှိတဲ့ Inchon Tidal Power Station ဟာစက်တပ်ဆင်အင်အား ၁၃၂၀ မဂ္ဂါဝပ်အတွက် အမေရိကန်ဒေါ်လာ ၃.၉ ဘီလီယံခန့် ကုန်ကျနိုင်တယ်လို့ သတင်းအရသိရှိရပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိဓာတ်အားပေးစက်ရုံများရဲ့ 1 MW တပ်ဆင်မှုအတွက် အကြမ်းဖျင်းကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ ၁ သန်းခန့်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နှိုင်းယှဉ်ရင် ၂.၉ သို့မဟုတ် သုံးဆခန့် အရင်းအနှီးပိုများကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ မိမိနိုင်ငံအနေဖြင့် လတ်တလောအခြေအနေမှာ အသေးစားရေအားလျှပ်စစ်၊ အကြီးစားရေအား လျှပ်စစ်နဲ့ နေစွမ်းအင်၊ လေစွမ်းအင်အပါအဝင် အခြားစွမ်းအင်များဖြင့် ထုတ်ယူနိုင်မှု အခြေအနေရှိပြီးတော့ မိမိတို့နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေကြောင့်သာ ဓာတ်အားထုတ်လုပ်မှုပမာဏတွေ လျော့နည်းနေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပင်လယ်ရေလှိုင်းကနေ ဓာတ်အားထုတ်လုပ်နိုင်တဲ့ နည်းပညာကို မိမိတို့နိုင်ငံအနေနဲ့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာ၊ မီးသွေးဖုတ်ကွင်းအတွင်းရှိ တောင်သူ(၂၁) ဦးပိုင်ဆိုင်သော လယ်ယာမြေ(၄၃.၅၉) ဧကအတွက် ထိုက်သင့်သောလျော်ကြေးကို မည်သည့်အချိန်တွင် ပေးအပ်နိုင်မည်နည်း၊ လျော်ကြေးမပေးဘဲ မြေယာများအား မည်သည့်အချိန်တွင် ပြန်လည်ပေးအပ်နိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ။ ကျွန်တော်ကတော့ ညောင်ရွှေမဲဆန္ဒနယ် အင်းလေးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာအုပ်စု၊ မီးသွေးဖုတ်ရွာအနီးရှိ ဦးပိုင်အမှတ်(၃၉) မီးသွေးဖုတ်ကွင်းအတွင်းရှိ တောင်သူ ၂၁ ဦးပိုင်ဆိုင်သော လယ်မြေဧက ၄၃.၅၉ ဧကကို ၁၉၉၁ ခုနှစ်တွင် တောင်သူများရဲ့ သဘောဆန္ဒမပါဘဲ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအမည်ဖြင့် သိမ်းယူခဲ့ပါတယ်။ ယခုအခါမှာ ၎င်းသိမ်းဆည်းထားသော လယ်မြေများကို Villa Inle Hotel ဟိုတယ်အား အငှားစနစ်ဖြင့်လည်းကောင်း၊ မြတ်မင်္ဂလာဟိုတယ်အား ရောင်းချထားသည်ကိုလည်းကောင်း ၈-၃-၂၀၁၅ ရက်နေ့မှာ ညောင်ရွှေမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမမှာ တောင်သူများနှင့်တွေ့ဆုံပြီး Villa Inle Hotel မှ တာဝန်ခံမန်နေဂျာ ဦးအောင်ကိုကို၊ အောင်မင်္ဂလာဟိုတယ်မှ တာဝန်ခံမန်နေဂျာ ဦးမြအေးတို့ရဲ့ ပြောဆိုချက်အရ မြေယာပြဿနာသည် မိမိတို့နှင့်မသက်ဆိုင်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့်သာ သက်ဆိုင်ပါကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ မူလတောင်သူများအတွက် များစွာနစ်နာမှုရှိခဲ့ပါသဖြင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးလိုတဲ့မေးခွန်းမှာ(က) တောင်သူလုပ်ငန်းရှင်များနစ်နာဆုံးရှုံးခဲ့ရသော လယ်ယာမြေများအတွက် ထိုက်သင့်သောလျော်ကြေးကို မည်သည့်အချိန်တွင် ပေးအပ်နိုင်မည်နည်း။ (ခ) လျော်ကြေးမပေးနိုင်ဘဲ မြေယာများအား ပြန်လည်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ပြန်လည်ပေးအပ်နိုင်မည်ကို သိရှိလိုပါသည်ကို ဥက္ကဋ္ဌကြီးမှ လေးစားစွာ မေးမြန်းအပ်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာတင်ဆွေ(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ယနေ့ကျင်းပတဲ့ (၇၅)ရက်မြောက် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ကြွရောက်လာကြတဲ့အတွက် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် အစဉ်ထာဝရပြည့်စုံပါစေကြောင်း မင်္ဂလာဆုမွန်ဖြင့် ဆုမွန်ပြုအပ်ပါတယ်။ လေးစားအပ်ပါသော ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဝင်းဆွေရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး အပိုင်း(၂)ပိုင်းခွဲ၍ ကျွန်တော် လေးစားစွာဖြေကြားသွားမှာဖြစ်ပါတယ်။ အပိုင်း(၁)ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး သိချင်နေတဲ့ မြေဧက ၄၃.၅၉ ဧကကို မည်သို့လျော်ကြေးပေးမည်နည်း။ ဒုတိယအပိုင်းအနေနဲ့ ဒီသိမ်းဆည်းထားတဲ့မြေများကို ယနေ့နိုင်ငံတော်က မည်သို့အကျိုးပြုစွာ ဆောင်ရွက်နေသည်ကို ကျွန်တော်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးပြုပြီးတော့ Power Point လေးထိုးပေးပါ။ ကျွန်တော်တို့ဒီဖြစ်ရပ်ဟာ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ရှမ်းပြည်နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကနေပြီးတော့ တောင်သူ ၂၀ ဦးပိုင်တဲ့ မီးသွေးဖုတ်ရွာအနီးမှာရှိတဲ့ ဦးပိုင်အမှတ်(၃၉)ရဲ့ မီးသွေးဖုတ်ကွင်းအတွင်းမှာရှိတဲ့ လယ်မြေ ၄၃.၅၉ ဧကကို သိမ်းဆည်းပြီးတဲ့အခါမှာ ကျွန်တော်တို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဌာန ယခင်အခေါ်အဝေါ်အရဆိုရင်တော့ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာလုပ်ငန်းကို ပေးအပ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ (၁/၁၉၉၁) ရဲ့ဆုံးဖြတ်ချက်နဲ့ ပေးအပ်ခဲ့တဲ့အတွက် ၁၇-၃-၁၉၉၁ ရက်နေ့မှာ အဲဒီအချိန်က တာဝန်ယူနေတဲ့ တောင်ကြီးဟိုတယ်မန်နေဂျာ ဦးဝင်းရှိန်ကနေပြီးတော့ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်များကိုခေါ်ယူလိုက်တဲ့အခါမှာ တောင်သူ ၃၀ ဦးတို့က ရောက်ရှိလာပြီး ဒီတောင်သူ ၃၉ ဦးကို ကျွန်တော်တို့ လယ်မြေဧက ၁၅.၈၉ ဧကရှိပါတယ်။ အဲဒီဧကကို တစ်ဧက ၁၀၀၀၀ ကျပ်နှုန်းနှင့် ၁၅၈၉၀၀ ကျပ်ကို ပေးအပ်ခဲ့ပါတယ်။

တစ်ခါ ဝါးခြံမြေက ၁၅.၈၉ ဧကရှိပါတယ်။ ဝါးလုံးအရေအတွက်က ၃၈၀၁၃ လုံးတွေ့တဲ့အတွက် တစ်လုံးလျှင် ၁၅ ကျပ်နှုန်းနဲ့ ရှင်းခဲ့တယ်လို့ မှတ်တမ်းအရသိခဲ့ပါတယ်။ နောက် တတိယအချက်ကတော့ ကြံစိုက်ခင်း ၄.၇၇ ဧကရှိတဲ့အတွက် ၁၄၂၀၀ ကျပ်နှုန်းနဲ့ တွက်ချက်ပြီးတော့ စုစုပေါင်း

ငွေ၇၉၆၈၂၉ ကို မြို့နယ်မှတာဝန်ရှိသူများရဲ့ ရှေ့မှောက်မှာ တောင်သူဦးကြီး ၃၀ ဦးကို စာချုပ်စာတမ်းဖြင့် ပေးဆောင်ခဲ့ပါတယ်။ ဒီလိုပေးဆောင်ခဲ့ရာမှာ ပုဂ္ဂိုလ်နှစ်ဦးတော့ ကျန်ပြီးတော့လာမယူတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၅ ဒီနှစ်ထဲမှာပဲ မတ်လ ၁၄ ရက်နေ့မှာ နေပြည်တော် MICC-2 ခန်းမမှာ ကျင်းပပြုလုပ်ခဲ့တဲ့ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ မြေအသုံးချမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲမှာလည်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ၁၉၉၁ ခုနှစ်တုန်းက ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာအုပ်စုရှိ ဟိုတယ်စီမံကိန်းအတွက် မြေ ၄၃.၅၉ ဧက သိမ်းဆည်းပြီး လျော်ကြေးပေးချေမှုနှင့်စပ်လျဉ်းပြီးတော့ စီမံကိန်းဆောင်ရွက်ခြင်းမရှိတဲ့အတွက် လယ်မြေများ ဆက်လက်လုပ်ကိုင်လိုကြောင်း ကျေးရွာသားများရဲ့ တောင်းဆိုမှုအတွက် လွှတ်တော်မှာရှိတဲ့ မြေယာကော်မတီနဲ့ ရှမ်းပြည်နယ်မြေယာစီမံခန့်ခွဲမှုကော်မတီတို့ ကွင်းဆင်းစစ်ဆေး ညှိနှိုင်းချက်အရ အဆိုပါမြေမှာ နှစ်ဦးသဘောတူစာချုပ်စာတမ်းဖြင့် သတ်မှတ်နှုန်းထားများအတိုင်း လျော်ကြေးပေးချေပြီးဖြစ်ခြင်း၊ ယခင်ရှမ်းပြည်နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ (လ/န-၃၉)အရ ဟိုတယ်မြေအဖြစ် သတ်မှတ်တဲ့နည်းလမ်းများအတိုင်း အသုံးချရန်စေ့ဆိုခဲ့ခြင်း၊ အမိန့်ထုတ်ပြန်ထားပြီးဖြစ်ခြင်း၊ ဟိုတယ်စီမံကိန်းနေရာမှာ မြတ်မင်္ဂလာဟိုတယ်မှ လုပ်ငန်းများစတင်၍ အဆောက်အဦများတည်ဆောက်နေခြင်းများကြောင့် အကြောင်းအရင်းခိုင်မာ၍ မစွန့်လွှတ်ခြင်းမြေအဖြစ် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ကို ဒါပဏာမတင်ပြအပ်ပါတယ်။

နောက်ကျွန်တော် ခုနကျန်ရစ်ခဲ့တဲ့ နှစ်ဦးကတော့လာမယူပါဘူး။ ဒါကတော့ ကျွန်တော်တို့ ၂၀၁၀ ခုနှစ်မှာ ပုဂ္ဂလိကပိုင် မြေယာပိုင်ဆိုင်ရေးကော်မရှင်ကနေပြီးတော့ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ၂၁.၈၂ ဧကကို အပြီးအပိုင် ၄၃.၆၄ သန်းနဲ့ ရောင်းချလိုက်တဲ့ Win Hotel and Resort Company Limited ကနေပြီးတော့ ကျန်ရှိတဲ့နှစ်ယောက်ဟာ သူတို့ဆီမှာ လာရောက်ပြီးတောင်းဆိုတဲ့အတွက် အဲဒီမှာဖော်ပြထားတဲ့ အတိုင်းပါပဲ ဦးထွန်းဆင်နှင့် ဦးထွန်းမြင့်တို့ နှစ်ယောက်ရဲ့ ဦးထွန်းဆင်မှ အမွေခံစားထိုက်တဲ့ ဦးဇော်မင်းထွန်းကိုလည်းကောင်း မှတ်ပုံတင်များ ပါရှိပါတယ်။ နောက် ဦးထွန်းမြင့်ရဲ့ အမွေခံထိုက်တဲ့ ဦးမောင်နိုင်ကိုလည်းကောင်း သိန်း ၃၅၀ စီနဲ့ သုံးရစ်ခွဲပြီးတော့ ကျွန်တော်တို့ ပေးအပ်ခဲ့ပါတယ်။ ဒါကြောင့် Win Hotel and Resort Co.,Ltd က သိန်း ၇၀၀ စုစုပေါင်း လျော်ကြေးပေးခဲ့ပါကြောင်း လေးစားစွာဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကို ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

ဒုတိယပိုင်းအနေနဲ့ ကျွန်တော်တို့ ရရှိထားတဲ့ ၄၃.၅၉ ဧကကို မည်ကဲ့သို့ နိုင်ငံတော်အတွက် အကျိုးရှိအောင် ဆောင်ရွက်နေတယ်ဆိုတာလေးကို Knowledge Sharing လုပ်တဲ့အနေနဲ့ တင်ပြသွားပါတယ်။ ကျွန်တော်တို့ ၂၁.၇၇ ဧကကို Kappa International Co.,Ltd ကို ငှားရမ်းခဲ့ပါတယ်။ ဒီလိုငှားရမ်းတဲ့အခါမှာ တစ်ဧကကို ၁၀ သိန်းနှုန်းနဲ့ ငှားရမ်းပြီးတော့ ဟိုတယ်တည်ဆောက်ပြီးတဲ့အခါမှာ ကျပ် ၂၄ သိန်းနှုန်းနဲ့ နိုင်ငံခြားဝင်ငွေရဲ့ ၅ ရာခိုင်နှုန်းကို ပေးဆောင်ရမယ်ဆိုပြီးတော့ ၂၀၀၂ ခုနှစ်မှာ စပြီး (၁၅+၅) ထိုစဉ်က သတ်မှတ်တဲ့ဥပဒေအရ (အနှစ် ၂၀) ၂၀၂၂ အထိ ငှားရမ်းခဲ့ပါတယ်။ အဲဒီလိုငှားရမ်းခဲ့တဲ့အခါမှာ သူတို့အနေနဲ့ ၁၉၉၁ ခုနှစ်ရဲ့ အခြေအနေပေးမှုနဲ့ မလုပ်နိုင်သေးတဲ့အတွက် ရွှေ့ဆိုင်းလာပြီးတော့ ၂၀၀၇ ခုနှစ်ကျမှ Kappa International Co.,Ltd ဟာ သူတို့ကိုလုပ်ငန်းစတင်ပြီးတော့ ဆောင်ရွက်နိုင်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်တဲ့အတွက် ၂၀၁၁ ခုနှစ်မှာ အင်းလေးတိုင်းရင်းသားတို့ရဲ့ ခြေတန်ရှည်အိမ်ကြီးများနှင့် ပထမအဆင့်ဟိုတယ်ကို ပြီးဆုံးခဲ့ ပါတယ်။ အဲဒီလိုပြီးတဲ့အတွက် သက်ဆိုင်ရာ ကျွန်တော်တို့ သတ်မှတ်ထားတဲ့အတိုင်း သူ့အနေနဲ့ ဝင်ငွေခွန်များ၊ ကျသင့်တဲ့အခွန်များကို ပေးဆောင်ခဲ့တာကိုလည်း ကျွန်တော်တို့ မှတ်တမ်းအရ တွေ့ရှိရပါတယ်။ နောက်ကျွန်တော်တို့ ၂၀၀၉ ခုနှစ်မှာ ကျွန်တော်တို့ နောက်တစ်ဖွဲ့ကတော့ Htoo Trading Company ကိုပေးအပ်ခဲ့ပါတယ်။ အဲဒါကတော့ ၂၁.၈၂ ဧကဖြစ်ပါတယ်။ ၂၁.၈၂ ဧကကို Htoo Trading Company ကိုပေးခဲ့ပေမယ့် Htoo Training Company က ၎င်းတို့မလုပ်နိုင်ကြောင်း ပြန်လည်ပြီးတော့ ကျွန်တော်တို့ကို ပြန်လည်အပ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကနေပြီးတော့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို ကျွန်တော်တို့ ပြန်လွှဲပြီးတော့ အပ်ခဲ့ကြောင်း မှတ်တမ်းအရ တွေ့ရှိရပါတယ်။ အဲဒီလို တွေ့ရှိတဲ့အခါမှာ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ကနေပြီးတော့ ၂၀၀၉ ခုနှစ်ထဲမှာ ဒီမြေဧကကို အပြီးအပိုင် ၄၃.၆၄ သန်းနဲ့ ရောင်းခဲ့ပါတယ်။ ရောင်းခဲ့တဲ့အတွက် Win Hotel and Resort Co.,Ltd က ၎င်းတို့ပိုင်သွားတဲ့အတွက် ဒီ ဝင်းကြီးကို ဘောင်ခတ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်တော်တို့ ကြုံတွေ့ရတာက အဲဒီမီးသွေးဖုတ်ကျေးရွာအတွင်းမှာရှိတဲ့ တောင်သူတွေက သူတို့ရဲ့ရိုးရာကိုးကွယ်နေတဲ့ ညောင်ပင်ကြီးရှိပါတယ်။

ဒီညောင်ပင်ကြီးကိုတော့ သူတို့ကို ပူဇော်ပသလိုတဲ့အတွက်သူတို့ကို သွားလမ်းလေးပေးပါဆိုတဲ့အတွက် Win Hotel and Resort Co. Ltd ကသဘောထားကြီးကြီးနဲ့ပဲ ၁၂ ပေကျယ်တဲ့ ၃၄၄ ပေရှည်တဲ့ လမ်းကြီးကို ဖောက်လုပ်ပြီးတော့ ရွာသူရွာသားများစိတ်ကြိုက်အဖြစ်နဲ့ ဆောင်ရွက်ပေးခဲ့တာကို မှတ်တမ်းအရ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီ Kappa International Co. Ltd ကလည်း

အခုဆိုရင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ဆက်သွယ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးဌာနရဲ့ မြေငှားခ၊ ရေအသုံးချခများကိုလည်း ဥပဒေနှင့်အညီ ပေးဆပ်ထားကြောင်း တွေ့ရှိရပါတယ်။ အလားတူ Win Hotel and Resort Co. Ltd ကလည်း နှစ်ရှည်စွာယူခဲ့သော်လည်းပဲ လုပ်ဆောင်နိုင်ခြင်းမရှိသေးဘဲနဲ့ ယခု ၂၀၁၅ ခုနှစ်၊ ၃ လပိုင်းမှာမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တင်ပြပြီးတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကနေ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို သဘောထားတောင်းခံထားပါတယ်။ ဒီတောင်းခံလို့ရလာတဲ့အခါမှာ Win Hotel and Resort Co. Ltd ကလည်း ဥပဒေနည်းလမ်းကြောင်းအရဆက်လက်ပြီးတော့ ဟိုတယ်များ တည်ဆောက်ရေးကို ဆောက်ရွက်သွားမယ်ဆိုတာဖြစ်ပါကြောင်း လေးစားစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးကို တင်ပြအပ်ပါတယ်။

နောက်တစ်ခုကတော့ ကြုံကြိုက်နေတဲ့အတွက် လေးစားအပ်တဲ့ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကို အထူးပဲ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက Human Resource Development လို့ခေါ်တဲ့ HRD လုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် ဒေသတွေမှာ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်တွေလည်းဖွင့်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ ညောင်ရွှေရဲ့ အင်းလေးဒေသမှာ အင်းလေးမောင်မယ် ၁၈ ယောက်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းဆွေကြီးမှူးပြီးတော့ စုဆောင်းပေးတဲ့အတွက် Human Resource Development ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းတစ်ခုကို အောင်မြင်စွာနဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့ အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ HRD ကနေတစ်ဆက်တည်းသွားမယ့် Social Business Promotion ဟာလည်း ဒီအပေါ်မှာ မူတည်ပြီးဆောင်ရွက်ရတဲ့အတွက် အထူးပဲ အောင်မြင်မှုနဲ့ ဒေသဆိုင်ရာရဲ့ လူနေမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကျွန်တော်တို့ ဆောင်ရွက်ပေးရတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုလိုပါတယ်။ နောက်တစ်ခုကတော့ ကြုံကြိုက်နေတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးသိဖို့အတွက် ပြီးခဲ့တဲ့ ၁၀ ရက်နေ့မှာ National Special Development Plan နောက်တစ်ခုက Myanmar Industry Development Plan။ National Special Development Plan ကတော့ နယ်မြေဒေသရဲ့ ဖွံ့ဖြိုးရေးစီမံကိန်းကို ဆောင်ရွက်ဖို့အတွက်၊ နောက်တစ်ခုကတော့ မြန်မာ့ထုတ်ကုန် တိုးတက်ဖို့အတွက်ကို ဒုတိယဝန်ကြီးများ၊ နောက်တိုင်းနှင့်ပြည်နယ်မှ စီမံ/စီးပွားရေးက ဝန်ကြီးများနှင့်

တွေ့ဆုံညှိနှိုင်းခဲ့ကြပါတယ်။ အဲဒီ ညှိနှိုင်းပွဲမှာ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိမ်းက ကျွန်တော်တို့ ဒီနှစ်ထဲမှာလယ်ယာမြေ ပြန်လည်ဖော်ထုတ်ရေးအစီအစဉ်ကို ထည့်သွင်း ထားပါတယ် ဆိုတဲ့အကြောင်း တင်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြီးရဲ့ တင်ပြချက်အရ တကယ်တမ်း လက်တွေ့မြေကြီးကနေ ရွေသီးတဲ့အဖြစ်မျိုးကို တကယ်လုပ်ဆောင် လိုတဲ့ ပုဂ္ဂိုလ်များအနေနဲ့ကတော့ ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့နဲ့ ကိုယ့်ပြည်နယ် ကိုယ့်တိုင်းရဲ့ ဝန်ကြီးချုပ်ကြီးများနဲ့ တွေ့ဆုံညှိနှိုင်းပြီးတော့ လယ်ယာမြေအသစ်ဖော်ထုတ်ရေးကို ဝိုင်းဝန်းပြီး ဆောင်ရွက်ကြမယ်ဆိုရင် အလုပ်လက်မဲ့လည်း လျော့ပါးသွားပါမယ်။ လုပ်ငန်းကိုင်ငန်းတွေလည်း ဖွံ့ဖြိုးတိုးတက်နိုင်ပါတယ်။ ဒါကြောင့် အနာခံတဲ့ နေရာမှာလည်း အနာခံပြီးတော့၊ အသာစံတဲ့ နေရာမှာလည်း အသာစံ၍ ကောင်းမြတ်သော အကြံဉာဏ်ကိုပေးရင်းနဲ့ ကျွန်တော့်ရဲ့တင်ပြဖြေဆိုချက် ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အခုလို ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မေးခွန်းကို ရှည်ရှည်ဝေးဝေး ပင်ပန်းခံပြီးတော့ ပြည့်ပြည့်စုံစုံ တင်ပြပေးသွားတဲ့အတွက် ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ရှိ ပါတယ်ခင်ဗျား။

**ကြို့ပင်ကောက်မြို့နယ် အနောက်ဘက်ခြမ်းနယ်မြေဒေသရှိ ကျေးရွာများ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော တောင်ရိုးကွင်း- လယ်တီလမ်းအား အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး များ၊ ဧည့်သည်တော်များ၊ အလားတူ တာဝန်ကိုယ်စီထမ်းဆောင်နေကြတဲ့ ပြည်ထောင်စုလွှတ်တော် နာယကကြီးနှင့် နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံသူနိုင်ငံသားအားလုံး ကျန်းမာချမ်းသာပြီး နိုင်ငံတော် နှင့်နိုင်ငံသားများအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်း ရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဖြစ်ပါ တယ်။ ကြို့ပင်ကောက်မြို့ရဲ့ အနောက်ဘက်ခြမ်းနယ်မြေဒေသမှာရှိတဲ့ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး

အတွက် လမ်းပန်းဆက်သွယ်ရေးဟာ အဓိကဖြစ်ပါတယ်။ ဒါ့ကြောင့် တောင်ရိုးကွင်း- လယ်တီလမ်း ကောင်းဖို့ လိုအပ်နေပါတယ်။ လယ်တီကျေးရွာဟာ ကြို့ပင်ကောက်မြို့ အနောက်ဘက်နယ်မြေရဲ့ ဗဟို အချက်အခြာကျတဲ့ဒေသဖြစ်ပါတယ်။ တောင်ရိုးကွင်းရွာက ကြို့ပင်ကောက်- ဇီးကုန်း- လမ်းကောက် ပေါ်မှာရှိတဲ့အတွက် တောင်ရိုးကွင်းရွာအထိ သွားလာရေးဟာ အဆင်ပြေချောမွေ့ပြီးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာကတော့ ကြို့ပင်ကောက်မြို့နယ် အနောက်ဘက်ခြမ်း နယ်မြေဒေသမှာရှိတဲ့ ကျေးရွာများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်စေရေးအတွက် တောင်ရိုးကွင်း- လယ်တီလမ်းကို အဲဒီလမ်းပေါ် မှာရှိတဲ့ တံတားများအပါအဝင် အဆင့်မြှင့်ပြုပြင်ဆောင်ရွက်ပေးပါရန်နှင့် ဘယ်နှစ်မှာ ဆောင်ရွက်ပေး မယ်ဆိုတာကို သိလိုပါ၍ ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်မြတ်ဦး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ တောင်ရိုးကွင်း- လယ်တီ လမ်းကတော့ အရှည် ၃ မိုင် ၄ ဖာလုံရှိတဲ့ မြေသားလမ်းဖြစ်ပြီး ကျေးရွာ ၃၀ ရွာ၊ အိမ်ခြေ ၂၅၁၅ အိမ်၊ ပြည်သူလူထု ၁၀၁၄၇ ဦးကို အကျိုးပြုတဲ့လမ်းပဲဖြစ်ပါတယ်။ အဆိုပါလမ်းကို ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျငွေမှာ ဂဝံလမ်း ၃ မိုင် ၄ ဖာလုံအတွက် ငွေကျပ် ၁၁၉ သန်း၊ အုတ်ခုံခံတံတားတစ်စင်း ၄၅ ပေအတွက် ငွေကျပ် ၂၇ သန်းနှင့် စုစုပေါင်း ငွေကျပ် ၁၄၆ သန်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ် ၅၃၉၃.၇၇၃ သန်းနဲ့ ကွန်ကရစ် လမ်း ၁ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၆ မိုင် ၃ ဖာလုံ၊ ကျောက် ချောလမ်း ၃၂ မိုင်၊ မြေသားလမ်း ၃၉ မိုင်၊

သစ်သားတံတား ၁၇၃၇ ပေ၊ ကွန်ကရစ်ရေကျော် ၁၅၉ ပေ နှင့် Box Culvert ၁၂၅ ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါတယ်။

ကြို့ပင်ကောက်မြို့နယ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၂၀၃.၅၆ သန်းနဲ့ ကျောက်ချောလမ်း ၂ မိုင်၊ သစ်သားတံတား ၁၈ ပေ တို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်သော်လည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်း လာတဲ့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်အတွင်း တောင်ရိုးကွင်း- လယ်တီလမ်းကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ လျာထားတင်ပြထားခြင်းမရှိသေးပါကြောင်းနှင့် လတ်တလော ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဦးသန့်ဇင်(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ အဲဒီ တောင်ရိုးကွင်း- လယ်တီလမ်းကို ကျွန်တော် မေးမြန်းထားတဲ့မေးခွန်းထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ ဘယ်နှစ်မှာဆောင်ရွက်ပေးနိုင်မလဲ ဆိုတာလေးကိုလည်း ဖြေကြားပေးနိုင်ရန် ဆက်စပ်မေးခွန်းအဖြစ်နဲ့ မေးမြန်းတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖြေနိုင်မှာလား။ စာရင်းထဲမှာထည့်ဖို့ အစီအစဉ်ရှိ/မရှိ။ ဘယ်နှစ်မှာ။

**ဒေါက်တာအောင်မြတ်ဦး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။ ဒီနှစ် ရန်ပုံငွေလျာထားချက်ကတော့ အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်းပဲ ကျွန်တော်တို့ လျာထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ဖြည့်စွက်ရန်ပုံငွေဆိုတာတော့ ရှိပါတယ်။ သို့သော်လည်း ဖြည့်စွက်ရန်ပုံငွေဆိုတာကလည်း မူလဘတ်ဂျက်လျာထားစဉ်မှာ ရန်ပုံငွေအရ အပိုင်းလိုက်ခွဲပြီး တော့မှ လျာထားရတဲ့လုပ်ငန်းတွေကို ထည့်သွင်းရတာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဒေသ တွင်းမှာ တကယ်မရှိမဖြစ်ပေါ့လေ။ မဖြစ်မနေ ဒီနှစ်အတွင်းမှာဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ထည့် သွင်းရတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ လွှတ်တော်တွေမှာ ပေးထားတဲ့ကတိကဝတ်တွေထဲက မူလဘတ်ဂျက်မှာ ထည့်သွင်းဖို့ကျန်သွားတဲ့လုပ်ငန်းတွေကို ဖြည့်စွက်မှာ ထည့်သွင်းရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဖြည့်စွက်မှာထည့်သွင်းမယ်ဆိုလို့ရှိရင်လည်း ဒေသရဲ့ ခုနကပြောတဲ့ အချက်သုံးချက် နဲ့ကိုက်ညီတဲ့လုပ်ငန်းများကိုသာ ကျွန်တော်တို့ ဒါထည့်သွင်းလို့ရမှာဖြစ်ပါတယ်။ အခု တင်ပြတဲ့အချက် တွေကိုတော့ တိုင်းဒေသကြီးနဲ့ညှိနှိုင်းပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက အဆိုပြုထား တဲ့ဟာတွေကို ပေါင်းစပ်ပြီးတော့မှ ဦးစားပေးအစီအစဉ်အလိုက် ထည့်သွင်းမယ်ဆိုရင်တော့ နောက်

**မူကြမ်း**

လာမယ့်နှစ်တွေအတွက်ကိုတော့ ကျွန်တော်တို့က အကြမ်းဖျင်းလျာထားထားတဲ့အဆင့်ပဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ မှန်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျေးသီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(လေး)အုပ်စု ဆက်သွယ်သွားလာဖြတ်သန်းသော နောင်ဆွမ်း-ခေါက်နွဲ့- နောင်ဆီး- ဝမ်စပ်- ခုန့်လုံ- ဝိန်းကောင်ကျေးလက်လမ်းအား မည်သည့်အချိန်တွင် စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီးမဲဆန္ဒနယ်)။** ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်းပဲဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင် ကျေးသီးမြို့နယ်ရှိ နောင်ဆွမ်းကျေးရွာအုပ်စု၊ ဝမ်စပ်ကျေးရွာအုပ်စု၊ ခေါက်နွဲ့ကျေးရွာအုပ်စုနဲ့ ဝိန်းကောင်ကျေးရွာအုပ်စုစသောကျေးရွာအုပ်စုလေးအုပ်စု ဆက်သွယ်ထားသောလမ်းသည် နွေရာသီအချိန်တွင်သာ သွားလာနိုင်ပြီး ၎င်းလမ်းသည် ကျဉ်းမြောင်းခြင်း၊ ရေနုတ်မြောင်းများမရှိခြင်း၊ လမ်းဘေးဝဲယာ၏ မြေမျက်နှာပြင်ထက်နိမ့်ခြင်း၊ ရွှံ့စေးမြေများဖြစ်ခြင်း၊ မိုးရာသီအချိန်တွင် ရွှံ့မြောင်းထဲအတိုင်း သွားလာဖြတ်သန်းရခြင်းစသောအားနည်းချက်များနှင့် ကျေးရွာပြည်သူများ နှစ်စဉ် မိုးရာသီအချိန်ရောက်လာပါက လွန်စွာအခက်အခဲ ကြုံတွေ့နေရသည်မှာ နှစ်ကာလရှည်စွာဖြင့် ခံစားဖြတ်သန်းနေရပါသည်။ သို့ဖြစ်ပါ၍ ကျေးသီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုလေးအုပ်စု ဆက်သွယ်သွားလာဖြတ်သန်းသော နောင်ဆွမ်း-ခေါက်နွဲ့- နောင်ဆီး- ဝမ်စပ်- ခုန့်လုံ- ဝိန်းကောင်ကျေးလက်လမ်းအား မည်သည့်အချိန်တွင် စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်မြတ်ဦး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။ ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျေးသီးမြို့နယ်အတွင်းမှာရှိတဲ့ နောင်ဆွမ်း၊ ဝမ်စပ်၊ ဟိုပုံ၊ ဝိန်းကောင်ကျေးရွာအုပ်စု လေးအုပ်စုကို ဆက်သွယ်ထားတဲ့ နောင်ဆွမ်း- ခေါက်နွဲ့- နောင်ဆီး- ဝမ်စပ်- ခုန့်လုံ- ဝိန်းကောင် ကျေးရွာချင်းဆက်လမ်း အရှည် ၁၅ မိုင်ကတော့ အကျယ် ၆ ပေရှိတဲ့ ဆိုင်ကယ်သွားလမ်းဖြစ်ပြီး ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၁၃၈၁ အိမ်မှာရှိတဲ့ ပြည်သူလူထု ၈၄၇၆ ဦးတို့ကို အကျိုးပြုတဲ့လမ်းပဲ ဖြစ်ပါတယ်။ အဆိုပါလမ်းအရှည် ၁၅ မိုင်ကို ရာသီမရွေးသွားလာနိုင်တဲ့ ၁၈ ပေအကျယ် မြေသားလမ်း အဖြစ်ဆောင်ရွက်မယ်ဆိုပါက ငွေကျပ် ၂၂၅ သန်းခန့် ခန့်မှန်းကုန်ကျမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၆၇၅၈.၄၃၆ သန်းနဲ့ ကတ္တရာ လမ်း ၁ မိုင်၊ ကျောက်ချောလမ်း ၆၃ မိုင် ၅ ဖာလုံ၊ မြေသားလမ်း ၈၈ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်တံတား ၉၄ ပေ၊ သစ်သားတံတား ၈၉၁ ပေနှင့် ရေပြွန် ၄၅ ပေတို့ကို ဆောင်ရွက်ရန်ခွင့်ပြုပြီးဖြစ်ပါတယ်။ ကျေးသီးမြို့နယ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ် ရန်ပုံငွေကျပ် ၆၄၃.၆၄ သန်းနဲ့ ကျောက်ချောလမ်း ၉ မိုင်၊ ကွန်ကရစ်တံတား ၂၀ ပေ၊ သစ်သား တံတား ၅၀ ပေ ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်သော်လည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ ကျေးသီးမြို့နယ်၊ နောင်ဆွမ်း- ခေါက်နွဲ့- နောင်ဆီး- ဝမ်စပ်- ခုန့်လုံ- ဝိန်းကောင် ကျေးရွာချင်းဆက်လမ်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြထားခြင်း မရှိသေးပါ ကြောင်းနှင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ကိုယ်စားလှယ်ကြီးများကလည်း မိမိတို့ရဲ့ဒေသခံပြည်သူ များအတွက် အကျိုးရှိမယ့်မေးခွန်းလေးတွေကို မေးမြန်းပေးရတာဖြစ်ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများကလည်း မိမိတို့တာဝန်ယူထားတဲ့အပိုင်းအလိုက် တာဝန်ယူပြီး ဖြေကြား ပေးရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လိုတဲ့လူကတော့လည်း လိုတာလေးတွေ၊ သိလိုသမျှလေးတွေကို အသေးစိတ် နှိုက်နှိုက်ချွတ်ချွတ်မေးမြန်းရတာဖြစ်ပါတယ်။ ဖြေကြားနိုင်မယ့် ပုဂ္ဂိုလ်များအနေနဲ့လည်း စာရင်းဇယားများမပါဘဲ တစ်ခါတလေကျရင် အခက်အခဲရှိတတ်ပါတယ်။ သို့သော်လည်း မိမိတို့

သိမီသလောက်နဲ့ဖြေကြားပြီး တချို့ နောက်ထပ်မှ ထပ်မံဖြေကြားမယ်ဆိုတဲ့ အနေအထားမျိုးရှိရင်လည်းပဲ ကျွန်တော်တို့ ဒါဖြေကြားပေးလို့ရတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ နှစ်ဦးနှစ်ဖက် အခုလိုမျိုး ညှိနှိုင်းပြီးတော့ လိုတာထက်တောင်မှ ပိုပြီးတော့တောင် ဖြေကြားပေးသွားတာလေးတွေရှိတဲ့အတွက် ပြည်သူများသိသင့်သိထိုက်တာထက်တောင် ပိုပြီးသိခွင့်ရတဲ့အတွက်လည်းပဲ ဖြေဆိုပေးကြတဲ့ ဝန်ကြီးဌာနများကို ကျေးဇူးအထူးတင်ရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့ဖြစ်သော ၆-၇-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၈-၇-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။( ဩဘာသံများ )

**မူကြမ်း**

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်အခွင့်အရေးကော်မတီက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ လွှတ်တော်အခွင့်အရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီကိုယ်စား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီဥပဒေမှာ အဓိကအကြောင်းအချက်ကတော့ ဥပဒေမှာပါရှိတဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဆိုတဲ့ စကားရပ်ကို ပြည်ထောင်စုလွှတ်တော် ဆိုသည့်စကားရပ်နှင့် အစားထိုးပြင်ဆင်မှုပဲ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိဥပဒေကို ရေးဆွဲစဉ်တုန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေပြုရေးအာဏာကို ကိုင်စွဲကျင့်သုံးခဲ့တဲ့အတွက် ဒီဥပဒေထဲမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စကားရပ်ကို ထည့်သွင်းထားခဲ့ခြင်းဖြစ်ပါတယ်။ အခုအခါမှာ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုရေးအာဏာကို တာဝန်ယူကျင့်သုံးနေပြီဖြစ်တဲ့အတွက်ကြောင့် ခေတ်စနစ်နဲ့ လျော်ညီမှုရှိစေရန်နှင့် လိုအပ်တဲ့နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို ထုတ်ပြန်နိုင်ဖို့အတွက် ယခုကဲ့သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စကားရပ်အစား ပြည်ထောင်စုလွှတ်တော် ဆိုသည့်စကားရပ်ကို ပြင်ဆင်ဖို့အတွက် ဒီဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်က ယခုတင်သွင်းတဲ့ဥပဒေကြမ်းကို လက်ခံဆွေးနွေး အတည်ပြုပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာအား လွှတ်တော်သို့ဖတ်ကြားသွားမှာဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီကတင်သွင်းသော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယခင်ကအာဏာသုံးရပ်ကို ကျင့်သုံးခဲ့သဖြင့် မူလဥပဒေနှင့် သက်ဆိုင်သည့်နည်းဥပဒေ၊ အမိန့်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ပြီး၊ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုရေး အာဏာတွင် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့်အတွက် အဆိုပါနည်းဥပဒေ၊ အမိန့်နှင့် လုပ်ထုံးလုပ်နည်းများကိုပြည်ထောင်စုလွှတ်တော်ကသာ ထုတ်ပြန်ရမည်ဖြစ်သဖြင့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှု ရှိစေရန် ရည်ရွယ်၍ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက ဤဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**မူကြမ်း**

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၇-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျော‌ညီထွေမှုရှိစေရန် ပြင်ဆင်ထားခြင်းဖြစ်ခြင်းကြောင့် အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် သဘောတူခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီးနည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် မိမိတို့ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၆-၇-၂၀၁၅ ရက် (ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၇၆)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့ ရပ်နားမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၆)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ

ဖြစ်ကြောင်းနှင့် ဒီကနေ့ အစည်းအဝေး (၇၅)ရက်မြောက်နေ့ အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်။( ဩဘာသံများ )

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၅)ရက်မြောက်နေ့ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။

**မူကြမ်း**